ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သတင်းလွှာ
၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ



# "ရှမ်းပြည်နယ် သဘာဝသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး"



သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ရှမ်းပြည်နယ်သစ်တောဦးစီးဌာန၊ ရတနာသစ်ခန်းမတွင် ရှမ်းပြည်နယ်သဘာဝသယံဇာတ လုပ်ငန်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လမ်းညွှန်မှာကြားခြင်း

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ၃၁.၇.၂၀၂၀ ရက်နေ့၊ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ရတနာသစ်ခန်းမတွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ် သဘာဝသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး လုပ်ငန်းအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် လုပ်ကွက်စိစစ်နေရာချထားရေး အဖွဲ့ဝင်များမှ မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေအား ဆွေးနွေးတင်ပြခဲ့မှုအပေါ် ပြည်ထောင်စု ဝန်ကြီးမှ ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ အလယ်ပိုင်း မြေပြန့်လွင်ပြင်များနှင့် ဆက်စပ်နေသည့် ကုန်းမြင့်ဒေသတစ်ခု ဖြစ်ရာ ရေ၊ မြေသဘာဝဖြစ်တည်မှု အထူးအလေးထား ဂရုစိုက် ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ သဘာဝသယံဇာတများလည်း ရေရှည်တည်တံ့စေရေးထိန်းသိမ်းမှုအပိုင်းအား အလေးထား ဆောင်ရွက်နေကြောင်း၊ အင်းလေးကန် ရေဝေရေလဲဒေသသည် အရေးပါလှသော ဧရိယာတစ်ခုဖြစ်ကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာသော လုပ်ငန်း၊ ဌာနများ အနေဖြင့် မိမိဌာန၏ လုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သကဲ့သို့ ဆက်စပ်ဌာနအသီးသီး၏ နည်းဥပဒေ၊ စည်းကမ်းသတ်မှတ်ချက်များကိုလည်း လေးစားကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့၊ မြန်မာ့သစ်လုပ်ငန်းသို့ ရောက်ရှိပြီး ပြည်နယ်တာဝန်ခံက ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ ရှင်းလင်းတင်ပြချက်အပေါ် ပြည်ထောင်စု ဝန်ကြီးက သစ်ထုတ်လုပ်ရာတွင် မိုင်းကန်ကြိုးဝိုင်းအတွင်း ကျွန်းပင်ထောင်များ ထပ်မံကျန်ရှိ၍ လေလွင့်ဆုံးရှုံးမှု မရှိစေရေး သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့ ပူးပေါင်း ကွင်းဆင်းစစ်ဆေးတင်ပြရန်နှင့် နယ်ခံပြည်သူများ၏ သစ်ခွဲသား လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းအကောင်အထည်

ဖော်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့နယ်၊ တောင်ကြီးငှက်ဘေးမဲ့တော သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း သစ်စေ့မြေလုံး (Seed Ball) စူးထိုးစိုက်ပျိုးခြင်း ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီးနောက် တောင်ကြီးမြို့နယ်အတွင်း ရေပေးဝေနေသော ရေထွက်ဦးရေကန်အား သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် ၁.၈.၂၀၂၀ ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ထီသိမ်ရုရှားရေလှောင်ကန်ဘေးတွင် ဝန်ကြီးဌာနအောက်ရှိ ပြည်နယ်/ခရိုင်/မြို့နယ်တာဝန်ခံများနှင့်အတူ သစ်ပင်စိုက်ပျိုးကြပြီး တောင်ကြီးမြို့နယ်၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိက ထီသိမ်ရုရှားရေလှောင်ကန်၏ ရေဝေရေလဲဧရိယာဖြစ်သည့် ထီသိမ်ကန်ကြိုးဝိုင်းအတွင်း မြေအသုံးချမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနယ်နိမိတ်ကို ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘုတ်တိုင်များ စနစ်တကျ စိုက်ထူ ဆောင်ရွက်ရန်၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း ကျူးကျော်မှုမရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေး၍ အချိန်နှင့်တပြေးညီ တင်ပြဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပါသည်။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက တောင်ကြီးမြို့နယ်၊
ထီသိမ်ရုရှားရေလှောင်ကန်ဘေးတွင် သစ်ပင်စိုက်ပျိုးခြင်း

ယင်းနောက် အေးသာယာမြို့၊ Green Zone ၌ စိုက်ပျိုးတည်ထောင် ထားရှိသည့် သစ်မျိုးစုံသီးနှံသစ်တော သရုပ်ပြစိုက်ခင်းအား ကြည့်ရှုစစ်ဆေးခြင်း၊ ကလောမြို့နယ်၊ တော်ဆိုင်းဒေသရှိ ထိပ်တန်းကြယ်ဆယ်ခုကုမ္ပဏီလီမိတက်၏ ခဲသတ္တုသန့်စင်အကြီးစားထုတ်လုပ်မှု လုပ်ငန်းအား ကြည့်ရှုစစ်ဆေးခြင်း၊ ကလောမြို့နယ်၊ ရှမ်းရိုးမဆင်စခန်းအား ကြည့်ရှုစစ်ဆေးခြင်းတို့အားဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ကလောမြို့နယ်၊ ရှမ်းရိုးမဆင်စခန်းတွင်
ကြည့်ရှုစစ်ဆေးသည့် မှတ်တမ်း

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဦးအုန်းဝင်း၏ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့မှ ဩဂုတ်လ ၁ ရက်နေ့အထိ ရှမ်းပြည်နယ် (တောင်ပိုင်း) ခရီးစဉ်တွင် ရှမ်းပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ရောက်ရှိရာ ပြည်နယ်ရုံးအားကြည့်ရှုစစ်ဆေးပြီး ဌာနပိုင်မြေနေရာများ လွှဲပြောင်း/လက်ခံပြုလုပ်ပြီးပါက အခမဲ့ မြေလွှဲမိန့်ရရှိနိုင်ရေး ဆောင်ရွက်ရန်၊ တောင်ကြီးမြို့ ရေထွက်ဦးရေကန်နှင့် ထီသိမ်ရုရှားကန်တို့၏ နှစ်တစ်နှစ်တွင် ရေအနည်းဆုံး ကာလများဖြစ်သော မတ်၊ ဧပြီ၊ မေလများနှင့် ရေအများဆုံး ကာလများဖြစ်သော ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် ရေနမူနာ ကောက်ယူတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ဓာတ်ခွဲခန်းသုံး ပစ္စည်းများထားရှိရာတွင် သဲနှင့်ဖုန်မှုန့်များ မဝင်ရောက်စေရေးဆောင်ရွက်ရန်၊ သုတေသန လုပ်ငန်းများအား မှတ်တမ်းထားရှိဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို သစ်တောဦးစီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ရပ်ကွက်/ကျေးရွာများ၊ အခြေခံပညာကျောင်းများနှင့် လုပ်ငန်းရှင်များအား ပိုမိုကျယ်ပြန့်စွာ ပညာပေးရန် စသည်တို့အား လမ်းညွှန်မှာကြားခဲ့ပါသည်။

## “ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီ၏ ၁/၂၀၂၀ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲကျင်းပခြင်း”



ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာ ဆပ်ကော်မတီ၏ ၁/၂၀၂၀ လုပ်ငန်းညှိနှိုင်း အစည်းအဝေးပွဲကို ၃၀-၇-၂၀၂၀ ရက်နေ့တွင် နေပြည်တော်ရှိ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ COVID-19 လမ်းညွှန်ချက်များနှင့်အညီ Video Conferencing စနစ်ဖြင့် ကျင်းပခဲ့ရာ ပတ်ဝန်းကျင် အရည်အသွေးစံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီဥက္ကဋ္ဌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက အဖွင့်အမှာစကား ပြောကြားရာ ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ပတ်ဝန်းကျင်အရည် အသွေး စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီကို အဖွဲ့ဝင် (၃၄) ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ အတွက် စံချိန်စံညွှန်းရေးဆွဲရေးနှင့်ပတ်သက်၍ ပတ်ဝန်းကျင် အရည်အသွေးစံချိန်စံညွှန်းရေးဆွဲရေး နည်းပညာ ဆပ်ကော်မတီဝင် များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် (EQEG) ကို ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ ထိုလမ်း ညွှန်ချက်ကိုအခြေခံ၍ စီမံကိန်းလုပ်ငန်းများ၊ မြန်မာနိုင်ငံ အနှံ့ရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှ ထွက်ရှိသော ရေ၊ လေ၊ အသံ စသော ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးများကို အခြေခံ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ မြေပေါ်ရေအရည်အသွေး စံချိန်စံညွှန်းရေးဆွဲရန်အတွက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးများကို ၂၀၁၈ ခုနှစ်တွင် (၃) ကြိမ်၊ ၂၀၁၉ ခုနှစ် တွင် (၁) ကြိမ်ပြုလုပ်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ယနေ့သည် ပထမအကြိမ် ကျင်းပခြင်းဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီ အနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ စံချိန်စံညွှန်းကော်မတီသို့ ပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်း (၁၀) ခု ရေးဆွဲပါမည်ဟု အဆိုပြုထားပါကြောင်း ပြောကြားခဲ့ ပါသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပတ်ဝန်းကျင်အရည်အသွေးနှင့် စံချိန်စံညွှန်းဌာနခွဲမှ ဒုတိယ ညွှန်ကြားရေးမှူး၊ ဒေါက်တာတင်တင်သော်က မြန်မာနိုင်ငံ၏ မြေပေါ်ရေ အရည်အသွေးစံချိန်စံညွှန်း ရေးဆွဲထုတ်ပြန်နိုင်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး အဖွဲ့ဝင်များမှ ရှင်းလင်းတင်ပြချက်များအပေါ် သဘောထား မှတ်ချက်များနှင့် အကြံပြုချက်များ ဆွေးနွေးပြောကြားခဲ့ပြီး ဆွေးနွေးဆုံးဖြတ်ချက်ပေါင်း (၅) ချက်ကို အတည်ပြုချမှတ်ခဲ့၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## “၂၀ ကြိမ်မြောက် အာဆီယံရေသယံဇာတစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ (AWGWRM) အစည်းအဝေးကျင်းပခြင်း”





“၂၀” ကြိမ်မြောက် အာဆီယံရေသယံဇာတ စီမံ ခန့်ခွဲမှု လုပ်ငန်းအဖွဲ့ (AWGWRM) အစည်းအဝေးကို ၂၇-၇-၂၀၂၀ ရက်နေ့တွင် PUB, Singapore’s National Water Agency မှ အိမ်ရှင်အဖြစ် ဦးဆောင်၍ Zoom Application ဖြင့်ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ ကမ္ဘောဒီးယား နိုင်ငံမှလွဲ၍ ကျန်အာဆီယံနိုင်ငံများ၊ ဆွစ်ဇာလန်နိုင်ငံ ၊ အာဆီယံ အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖွင့်ပွဲ

အခမ်းအနားသို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်က AWGWRM ၏ National Focal Point အဖြစ် ဦးဆောင်၍ Alternate Contact Person ဖြစ်သူ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး၊ ဒေါ်စောစန္ဒာဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေး ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အာဆီယံဒေသအတွင်း ရေသယံဇာတများ စီမံခန့်ခွဲရာတွင် အောင်မြင်မှုရရှိစေရန်အတွက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ဖြစ်ပါသည်။

အစည်းအဝေးတွင် Industry and Technology Collaboration Department, PUB, Singapore's National Water Agency ၏ ညွှန်ကြားရေးမှူးဖြစ်သူ Mr. Michael Toh က အဖွင့်အမှာစကားပြောကြားပြီး Covide-19 ကာလအတွင်း သင့်လျော်သော ရေစီမံခန့်ခွဲမှုသည် အရေးကြီးကြောင်း၊ ဘေးကင်းသော ရေ၊ မိလ္လာနှင့်သန့်ရှင်းရေးတို့သည် ကမ္ဘာ့ကပ်ရောဂါကာလအတွင်း လူသားတို့၏ ကျန်းမာရေးကို ကာကွယ်ရန် အလွန်အရေးကြီးကြောင်း ပြောကြားခဲ့ပါသည်။ AWGWRM ဥက္ကဋ္ဌနှင့် လာအိုနိုင်ငံ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ဌာန၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Dr. Inthavy Akkharath က ကမ္ဘာ့လူဦးရေတိုးပွားလာမှု၊ ပြောင်းရွှေ့မှု၊ စီးပွားရေး လျင်မြန်စွာ တိုးတက်လာမှု၊ မြို့ပြ လျင်မြန်စွာတိုးချဲ့လာမှု၊ စားသောက်မှုပုံစံများပြားလာမှု၊ ယဉ်ကျေးမှုနှင့် နည်းပညာများ ပြောင်းလဲလာမှုတို့ကြောင့် ကမ္ဘာနှင့်အဝှမ်း ရေလိုအပ်မှု မြင့်တက်လာနိုင်ကြောင်း၊ ရေဘက်စုံစီမံခန့်ခွဲမှုသည် ကဏ္ဍပေါင်းစုံနှင့် ဆက်စပ်နေပြီး Smart and Sustainable City ၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုများနှင့်လည်း ဆက်စပ်နေကြောင်း၊ နိုင်ငံအဆင့်၊ ဒေသတွင်းနှင့်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများသည် ရေရှည်ရေဖူလုံမှုကို ဖြေရှင်းနိုင်မည့် အထိရောက်ဆုံးသော နည်းလမ်းတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ AWGWRM ACTION PLAN ပါProgram Area ၅ ခုဖြစ်သည့် IWRM Country Strategy Guideline and Indicator Framework Implementation ၊ Public Awareness and Cross-Sectoral Coordination ၊ Water Conservation ၊ Improving Water Quality and Water Sanitation နှင့် Water-Related Disasters တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး ဆောင်ရွက်နေသော/ အဆိုပြုထားသော AWGWRM ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆွေးနွေးခဲ့ကြပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အနေဖြင့် PROGRAMM AREA 4 ဖြစ်သည့် Improving Water Quality and Water Sanitation အောက်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် Monitoring, Assessment, Capacity Building and Technical Training Concerning Water Quality and Sanitation and Water Supply System in Main Pilot Cities like Yangon, Mandalay and Nay Pyi Taw စီမံကိန်းအား အဆိုပြုတင်ပြခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## “အာဆီယံပတ်ဝန်းကျင်ဆိုင်ရာပညာပေးရေးလုပ်ငန်းအဖွဲ့(AWGEE)၏ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပခြင်း”



အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ပညာပေးရေးလုပ်ငန်းအဖွဲ့(AWGEE) ၏ ၁၂ ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ COVID-19 ရောဂါကြောင့် အလှည့်ကျအိမ်ရှင် ကမ္ဘောဒီးယားနိုင်ငံ အနေဖြင့် ၂၃-၇-၂၀၂၀ ရက်နေ့က Virtual Meeting စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံပေါင်း (၈) နိုင်ငံမှ AWGEE လုပ်ငန်းအဖွဲ့ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ

ကိုယ်စားလှယ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မာလာအောင်နှင့် အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာနီလာအောင်တို့ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် AWGEE Action Plan ပါ လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများ၊ AWGEE Action Plan ၏ ကဏ္ဍတစ်ရပ်ဖြစ်သည့် ASEAN Eco-schools Programme အရ လုပ်ငန်းအဖွဲ့ဝင်အသီးသီးအနေဖြင့် နိုင်ငံအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ ဖော်ဆောင်ရေး လုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်သွားနိုင်ရန်အတွက် Regional Eco-schools Network တစ်ခု ဆောင်ရွက်သွားရန် ကိစ္စ၊ အခြေခံပညာအဆင့်တွင် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ ဖော်ဆောင်သကဲ့သို့ အဆင့်မြင့်ပညာအဆင့်တွင် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော တက္ကသိုလ်များ ဖော်ဆောင်သွားနိုင်ရေးအတွက် စီမံကိန်းအဆိုပြုချက်များ တင်ပြနိုင်ရေးကိစ္စ၊ အာဆီယံဒေသတွင်း နိုင်ငံအသီးသီးတွင် ဆောင်ရွက်နေသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပညာပေးလုပ်ငန်းများ၏ အတုယူဖွယ်နည်းလမ်းများ၊ သင်ခန်းစာယူစရာ အတွေ့အကြုံများ၊ အချက်အလက်များအား အချင်းချင်း ဖလှယ်နိုင်ရန်အတွက် ASEAN Environment Knowledge Hub တစ်ခု တည်ထောင်သွားရန် ကိစ္စ၊ ASEAN Sustainable Consumption and Production Framework အား European Union(EU) ၏ ငွေကြေး အထောက်အပံ့ဖြင့် SWITCH-Asia က ရေးဆွဲသွားနိုင်ရေး ကိစ္စ၊ ASEAN GUIDELINES ON GREEN MEETINGS အား သက်ဆိုင်ရာ အဖွဲ့အစည်းများထံ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေသွားနိုင်ရန်အတွက် ပိုစတာများ၊ လက်ကမ်းစာစောင် များကို Hanns Seidel Foundation (HSF) အကူအညီဖြင့် ဆောင်ရွက်သွားရန် ကိစ္စနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များအား ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

## “စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေရေးဆွဲရေးနှင့်ပတ်သက်၍ Web-based Kick-off Meeting ကျင်းပခြင်း ”

အစိုင်အခဲ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် လေ့လာဆန်းစစ်မှုနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ၊ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနတို့အကြား Web-based Kick-off Meeting ကို ၂၃-၇-၂၀၂၀ ရက်နေ့ (ကြာသပတေးနေ့)တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့်ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀) ကို ၂၇-၁-၂၀၂၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၀) ဖြင့် အတည်ပြု ထုတ်ပြန်ခဲ့ပြီး အဆိုပါ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေတစ်ရပ်ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိသဖြင့် ကူညီဆောင်ရွက်ပေးနိုင်ရန် အတွက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သည့် $3^{rd}$ Myanmar-Japan Policy Dialogue on Environmental Issues တွင် သဘောတူဆွေးနွေးခဲ့ကြပါသည်။

ဂျပန်နိုင်ငံ၊ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနနှင့်ကျင်းပပြုလုပ်ခဲ့သည့် Web-based Kick-off Meeting သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဂျပန်သံရုံး၊ JICA Myanmar Office ၊ Nippon Koei Co.,Ltd, (NK), Myanmar Koei International Limited (MKI), Sustainable System Design Institute Co., Ltd ,(SSDI) တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု ဥပဒေရေးဆွဲရေးနှင့်ပတ်သက်၍ လေ့လာသုံးသပ်ရမည့် ဆက်စပ်ဥပဒေများနှင့် နည်းဥပဒေများ၊ မြန်မာနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်၊ ဥပဒေပြဋ္ဌာန်းရမည့် နယ်ပယ်နှင့်အဆင့်၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု ဥပဒေမူကြမ်း၏ လက်ရှိအခြေအနေတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။

ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန အနေဖြင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေ (မူကြမ်း) အပေါ် အခြေခံ၍ အောက်ပါကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည် -

(၁) အစိုင်အခဲ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသော လက်ရှိဥပဒေ၊ နည်းဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊

(၂) အစိုင်အခဲ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအတွက် အစိုးရနှင့် ဒေသအာဏာပိုင်များ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များကို ပြန်လည်သုံးသပ်ခြင်း၊

(၃) အာဆီယံနိုင်ငံအချို့နှင့် ဥရောပနိုင်ငံများရှိ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာဥပဒေများကို နှိုင်းယှဉ် လေ့လာခြင်း၊

(၄) မြန်မာနိုင်ငံ၏ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေ မူကြမ်းနှင့်ပတ်သက်၍ အသေးစိတ် ရေးဆွဲနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဆက်စပ် အစိုးရအဖွဲ့အစည်းများ၊ အခြားဆက်စပ်ပတ်သက်သူများ အကြား တိုင်ပင်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခြင်း၊

## "ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေးစီမံကိန်း (Yangon Urban Mass Rapid Transit – YUMRT) ၏ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment – EIA) အစီရင်ခံစာနှင့် ပတ်သက်၍ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာစိစစ်သုံးသပ်ခြင်းအစည်းအဝေး"

နိုင်ငံတော်အစိုးရအနေဖြင့် အဆောက်အဦကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍအပါအဝင် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာစီမံချက်များချမှတ် ဆောင်ရွက် လျက်ရှိရာ တစ်ဖက်တွင်လည်း ယင်းစီမံကိန်းများကြောင့် ပတ်ဝန်းကျင်နှင့်လူနေမှုအား ဆိုးကျိုးသက်ရောက်မှု မဖြစ်ပေါ် စေရေးနှင့် ဆိုးကျိုးသက်ရောက်မှုအနည်းဆုံး ဖြစ်စေရေး အတွက် စီမံကိန်းအရွယ်အစားနှင့် အမျိုးအစားပေါ်မူတည်၍ ပတ်ဝန်းကျင်ဆိုင်ရာဆန်းစစ်ခြင်း အစီရင်ခံစာများ ရေးဆွဲ တင်ပြ၍ ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်ရယူဆောင်ရွက်ရန် လိုအပ်ပါသည်။ ပတ်ဝန်းကျင် ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ထုတ် ပေးနိုင်ရေးအတွက် စိစစ်ခြင်းလုပ်ငန်းစဉ်များကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား မှ JICA ချေးငွေ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ရန်ကုန်မြို့ပြလူထု ရထားပို့ဆောင်ရေး စီမံကိန်း (Yangon Urban Mass Rapid Transit – YUMRT) ၏ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment – EIA) အစီရင်ခံစာနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာ စိစစ်သုံးသပ်ခြင်း အစည်းအဝေး (၈ / ၂၀၂၀) နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း မှ JICA ချေးငွေဖြင့် မန္တလေး တိုင်းဒေသကြီး၊ ကျောက်ဆည်မြို့တွင် အကောင်အထည်ဖော် တည်ဆောက်မည့် နိုင်ငံပိုင်ကျောက်ဆည် ၃၀၀ မဂ္ဂါဝပ် သဘာဝ ဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း၏ ပတ်ဝန်းကျင်ထိခိုက် မှုဆန်းစစ်ခြင်း (Environmental Impact Assessment – EIA) အစီရင်ခံစာနှင့်ပတ်သက်၍ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ခြင်း အစည်း အဝေး(၉/၂၀၂၀) များကို ၉-၇-၂၀၂၀ ရက်နေ့တွင်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ JICA ချေး ငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရန်ကုန်မြို့ပြင် ပတ်လမ်း (အရှေ့ပိုင်း) (Yangon Outer Ring Road (Eastern Section) – YORR (Eastern Section)) ၏ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment – EIA) အစီရင်ခံစာနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ခြင်း အစည်းအဝေး (၁၀/၂၀၂၀) ကို ၁၆-၇-၂၀၂၀ ရက်နေ့တွင်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအမှတ် (၅၃)၌ ကျန်းမာ ရေးဝန်ကြီး ဌာနမှထုတ်ပြန်ထားသော COVID – 19 ဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးများသို့ မြို့ပြနှင့် ဆောက်လုပ်ရေးစီမံကိန်း လုပ်ငန်းဆိုင်ရာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ စီမံကိန်းအဆိုပြုသူဖြစ်သည့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံ စာရေးသားပြုစုသည့် တတိယအဖွဲ့ အစည်းမှ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ဆွေးနွေးကြ ပြီး အစည်းအဝေးသို့ ကိုယ်တိုင်တက်ရောက်နိုင်ခြင်းမရှိသော စိစစ်သုံးသပ်ရေးအဖွဲ့ဝင်များ၊ တတိယအဖွဲ့အစည်းမှ ပညာရှင် များ၊ စီမံကိန်းအဆိုပြုသူဘက်မှ Zoom Meeting ဖြင့်ပါဝင်

ဆွေးနွေးခဲ့ကြပါသည်။

စိစစ်သုံးသပ်ရေးအစည်းအဝေး၏ သဘောထားမှတ်ချက်များအား စီမံကိန်းအဆိုပြုသူထံ အချိန်နှင့်တပြေးညီ ပေးပို့ခဲ့ပြီး သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်တင်ပြလာသည့် အစီရင်ခံစာများအပေါ် ထပ်မံစိစစ်သုံးသပ်၍ စီမံကိန်းများ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အတည်ပြုရေးလုပ်ငန်းစဉ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## "ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုတစ်ရပ်ဖြစ်သော မီးခိုးမြူငွေ့ညစ်ညမ်းမှုအကြောင်း သိကောင်းစရာ"

မီးခိုးမြူငွေ့ဆိုသည်မှာ အခိုးအငွေ့များ၊ ဖုန်မှုန့်များ၊ အမှုန်များနှင့် အခြားအငွေ့ပျံစေနိုင်သည့်အရာများ လေထုထဲတွင် ပေါင်းစပ်ပြီးဖြစ်ပေါ်လာသည့်အရာကိုခေါ်ပါသည်။ အကယ်၍ ၎င်း၏ သိပ်သည်းဆနှင့် ထုထည်သည် စတင်ဖြစ်ပေါ်လာသည့်နေရာ၌ ပမာဏများပြားလျှင် တစ်နေရာမှ တစ်နေရာသို့ အလွယ်တကူပျံ့နှံ့သွားနိုင်ပြီး နိုင်ငံတစ်နိုင်ငံမှ အခြားတစ်နိုင်ငံသို့ ဖြတ်ကျော်ဝင်ရောက်နိုင်ပါသည်။

မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုသည်မှာ မြေပြင်နှင့် တောမီးလောင်ကျွမ်းမှုတို့အပြင် စက်ရုံ၊ အလုပ်ရုံများမှ ထွက်ပေါ်လာသည့် အခိုးအငွေ့များဖြစ်ပြီး ယင်းအခိုးအငွေ့များသည် သဘာဝပတ်ဝန်းကျင်နှင့် လူတို့၏ကျန်းမာရေးကိုသာမက သက်ရှိသက်မဲ့သယံဇာတအရင်းအမြစ်များကို ဆိုးဝါးသည့် အကျိုးသက်ရောက်မှု ဖြစ်စေနိုင်သကဲ့သို့ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်လည်း မလိုလားအပ်သည့် ကြန့်ကြာမှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ မီးခိုးမြူငွေ့ညစ်ညမ်းမှု ဖြစ်ပေါ်နေသည့် ကာလများတွင် ကျောင်းများပိတ်ထားရခြင်း အခြေအနေများကြောင့် ပညာရေးကဏ္ဍတွင် သက်ရောက်စေနိုင်သကဲ့သို့ စီးပွားရေးအရ ဆုံးရှုံးမှုများကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့အပြင် မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျက်စီးပြီး ၎င်းတို့၏ မူရင်းဒေသများကို ပျောက်ဆုံးစေပါသည်။

မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် ကမ္ဘာ့နိုင်ငံများ အပါအဝင် အာဆီယံဒေသအတွင်း နှစ်စဉ်ကြုံတွေ့နေရသော ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုတစ်ရပ် ဖြစ်နေပါသည်။ ၁၉၉၁ခုနှစ်၊ ၁၉၉၄ ခုနှစ်၊ ၁၉၉၇ ခုနှစ်၊ ၂၀၁၅ ခုနှစ်များနှင့် လတ်တလော ၂၀၁၉ ခုနှစ် နှင့် ၂၀၂၀ ပြည့်နှစ်တွင်လည်း အာဆီယံဒေသတွင်း၌ မီးခိုမြူငွေ့ညစ်ညမ်းမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ အဆိုးဝါးဆုံးဖြစ်ရပ်မှာ ၁၉၉၇/ ၁၉၉၈ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၏ သစ်တောရေိယာ ဟက်တာ ၁.၈ သန်းမှ ၂.၂ သန်းအထိ ကျယ်ပြန့်သော တောမီးကြောင့် မီးခိုးမြူငွေ့ညစ်ညမ်း မှုဖြစ်ပြီး $CO_2$ ၃၀၀၀ မှ ၉၄၀၀ မီဂါတန် အထိ ထုတ်လွှတ်ခဲ့ပါသည်။ သစ်တောကဏ္ဍ၊ခရီးသွားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ များတွင် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ (၁၀.၃) ဘီလီယံခန့်ဖြစ်ပါသည်။

မြေပြင်နှင့် တောမီးလောင်ကျွမ်းမှု၏ အကျိုးသက်ရောက်မှုတစ်ခုဖြစ်သည့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် သိသာထင်ရှားသည့် ဆိုးကျိုးတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် စီမံချက်များ၊ မဟာဗျူဟာများ ရေးဆွဲချမှတ်ပြီး ဒေသအဆင့်နှင့် အမျိုးသားအဆင့်များ ခွဲခြားကာ လက်တွေ့ကျင့်သုံးဖြေရှင်း ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ Focal အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ဆိုင်ရာ အာဆီယံသဘောတူညီချက်(ASEAN Agreement on Trans-boundary Haze Pollution- AATHP) ကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၃ ခုနှစ် မတ်လ(၅) ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပါသည်။ AATHP ၏ ရည်ရွယ်ချက်မှာ တောမီးလောင်ကျွမ်းခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် လောင်ကျွမ်းသည့် အခြားမီးတို့မှဖြစ်ပေါ်လာသည့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုပြဿနာများကို စောင့်ကြပ်ကြည့်ရှုရန်နှင့်ထိန်းချုပ်ရန်ဖြစ်ပါသည်။ ၂၀၁၆ခုနှစ်တွင် AATHP ကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် "Roadmap on ASEAN Cooperation towards Transboundary Haze Pollution Control with Means of Implementation" ကို အခြေခံမဟာဗျူဟာ (၈) ချက်ဖြင့် ရေးဆွဲ၍ ၂၀၂၀ ခုနှစ်တွင် အာဆီယံဒေသအတွင်း မီးခိုးမြူငွေ့ကင်းစင်ရေး မျှော်မှန်းချက်ကို ရောက်ရှိစေရေး (To achieve the vision of a haze-free ASEAN by 2020) ရည်ရွယ်ချက်ဖြင့် ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါရည်မှန်းချက်သို့ ရောက်ရှိစေရန်အတွက်

မဲခေါင်ဒေသခွဲနိုင်ငံများ၏ မီးလောင်ကျွမ်းမှုအရေအတွက် (Hotspot Counts) အား လျာထားသတ်မှတ်ခဲ့ကြရာ ၂၀၂၀ ပြည့်နှစ်တွင် Hptspot Counts အရေအတွက် ၅၀,၀၀၀ ထက် မကျော်လွန်ရန်ဖြစ်ပါသည်။ သို့ရာတွင် ASEAN Specialized Meteorological Center ၏ NOAA–20 Satellites (750 m resolution) ဖြင့် လေ့လာဆန်းစစ်ဖော်ပြချက်အရ ၂၀၂၀ ပြည့်နှစ် ပွင့်လင်းရာသီကာလ (ဇန်နဝါရီလမှ မေလအထိ) အတွင်း မဲခေါင်ဒေသခွဲနိုင်ငံများတွင် Hotspot Counts အရေအတွက် ၁၆၄,၀၃၅ ဖြစ်ပေါ်ခဲ့ပါကြောင်း လေ့လာတွေ့ရှိရပါသည်။




မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံနှင့်လာအိုနိုင်ငံများနည်းတူ မီးခိုးမြူငွေ့ညစ်ညမ်းမှုဒဏ်ကို ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် မတ်လနှင့် ဧပြီလတို့တွင် တောမီးလောင်ကျွမ်းမှုကြောင့်လည်းကောင်း၊ ထိုင်းနိုင်ငံ တောင်ပိုင်းမှ မြောက်ပိုင်းသို့ တိုက်ခတ်နေသည့် လေစီးကြောင်းကြောင့်လည်းကောင်း ခံစားခဲ့ရပါသည်။ အထူးသဖြင့် မြန်မာ–ထိုင်းနယ်စပ် တာချီလိတ်မြို့နှင့် အနီးတစ်ဝိုက်တွင် မီးခိုးမြူများ ထူထဲစွာကျဆင်းမှုကို ခံစားခဲ့ရပါသည်။ အဆိုပါကာလအတွင်း မီးခိုးမြူငွေ့ ညစ်ညမ်းမှုကိုလျှော့ချနိုင်ရန်အတွက် ရှမ်းပြည်နယ် အနေဖြင့် ပြည်နယ်အဆင့် လုပ်ငန်းစီမံချက်အားရေးဆွဲ၍ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ပြီး ရေမှုန်ရေမွှားဖြန်းခြင်း၊ အရေးပေါ်နားနေရေးစခန်းများထားရှိပေးခြင်းနှင့် Mask များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၃ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ASEAN Specialized Meterological Center (ASMC) မှ လေ့လာ တွေ့ရှိချက်အရ ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ Hotspot အရေအတွက်မှာ သိသာစွာ ကျဆင်းလာခဲ့ပြီး ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် (၂) နှစ်တာကာလအတွင်းမှု Hotspot အရေအတွက် ပြန်လည်မြင့်တက်လာခဲ့ပြီး ၂၀၂၀ပြည့်နှစ် အတွင်း Fire Hotspot Counts ၅၅,၃၈၃ ကြိမ်ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် ပွင့်လင်းရာသီကာလ (ဇန်နဝါရီလမှ မေလ အထိ) အတွင်း မြန်မာနိုင်ငံ၏ မီးလောင်ကျွမ်းမှု အခြေအနေများကို ASMC နှင့် Fire Information for Resources Management System (NASA FIRMS) မှအချက်အလက်များရယူ၍ လေ့လာဆန်းစစ်မှု ရလဒ်များအရ မြန်မာ–ထိုင်းနယ်စပ်ရှိ ရှမ်းပြည်နယ်တွင် Fire Hotspot Counts အရေအတွက် အများဆုံးတွေ့ရှိရပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ရွက်အုပ်ဖုံးလွှမ်းမှု (၅–၁၀) ရာခိုင်နှုန်းခန့်ရှိသော (Other wooded land) များနှင့် စိုက်ပျိုးမြေများ (crop land) တွင် အများဆုံး ဖြစ်ပေါ်ကြောင်းနှင့် ၂၀၂၀ ပြည့်နှစ် မတ်လနှင့် ဧပြီလ တို့တွင် သစ်တောမြေများ (Open Forest နှင့် Closed Forest) တို့တွင် အများဆုံး ဖြစ်ပေါ်ကြောင်းတွေ့ရှိရပါသည်။




မြန်မာ–ထိုင်း နယ်စပ် တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တိုင်းတာထားသော တာချီလိတ်မြို့၏ ဝန်းကျင်လေထုအရည်အသွေးရလဒ်များအရ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း Particulate Matter ($PM_{10}$) ၏ Air Quality Index– AQI သည် ကောင်းမွန်သည့်အဆင့် (GOOD)– AQI Value (0–50) အတွင်းသာ ရှိပါသဖြင့် လေထုအရည်အသွေး ကောင်းမွန်ခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် မတ်လတတိယပတ်တွင် လေထုအရည်အသွေး မှာ သိသိသာသာ ဆိုးရွားလာမှုကြောင့် ဘေးအန္တရာယ်ရှိစေသော အခြေအနေ (Hazardous) – AQI Value (Above 300) သို့ ရောက်ရှိခဲ့ပြီး ဧပြီလ ပထမပတ်ထိ လေထုအရည်အသွေး မှာ ကျန်းမာရေး ထိခိုက်နိုင်သောအဆင့် (Very Unhealthy) –AQI Value (201–300) တွင်ရှိနေပါသည်။ ဧပြီလ စတုတ္ထပတ်မှ စတင်၍ လေထုအရည်အသွေးမှာ ကောင်းမွန်သောအဆင့်

(Good) – AQI Value (0–50) သို့ ပြန်လည်ရောက်ရှိခဲ့ပြီး လေထု အရည်အသွေး ပြန်လည်ကောင်းမွန်နေပြီဖြစ်ပါသည်။




မြန်မာနိုင်ငံသည် မုတ်သုန်ရာသီဥတုစိုးမိုးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ မြေပြင်နှင့် တောမီးလောင်ကျွမ်းခြင်းများ၊ ယင်းနှင့်ဆက်စပ်သော မီးခိုးမြူငွေ့ညစ်ညမ်းခြင်းများသည် ခြောက်သွေ့ရာသီများတွင် အများဆုံးဖြစ်ပွားလေ့ရှိပြီး ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလတို့တွင် အများဆုံး ဖြစ်ပေါ်လေ့ရှိပါသည်။

မြန်မာနိုင်ငံတွင်ဖြစ်ပွားသည့် တောမီးလောင်ကျွမ်းမှု၏ ၉၅ ရာခိုင်နှုန်းသည် လူသားတို့၏ ပယောဂကြောင့် ဖြစ်ပြီး အဓိကလောင်ကျွမ်းရခြင်းမှာ စိုက်ပျိုးရေးစွန့်ပစ် ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကိုမီးရှို့ခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရန်မီးရှို့ခြင်း၊ဟင်းလင်းပွင့်မီးရှို့ခြင်း၊ အမဲလိုက်ခြင်းနှင့် ပျားရည်စုဆောင်းရန် မီးမြိုက်ခြင်းများကြောင့်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လောင်ကျွမ်းသည့် တောမီးအများစုသည် တောင်တန်းဒေသများတွင် ကျင့်သုံးလျက်ရှိသည့် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမှုစနစ်ကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးစနစ်အစား တောင်ပေါ်လှေကားထစ်စိုက်ပျိုးရေးစနစ်ကို အစားထိုးကျင့်သုံးရန် ဆောင်ရွက်လျက်ရှိပါသည်။

ညစ်ညမ်းမှုဆိုင်ရာ လုပ်ငန်းစီမံချက် (Action Plan for Transboundary Haze Pollution Control) အပြီးသတ်မူကြမ်းကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ မြေပြင်နှင့်တောမီးလောင်ကျွမ်းခြင်း၊ မီးခိုးမြူငွေ့ ညစ်ညမ်းခြင်းတို့ကို ကာကွယ်တားဆီးနိုင်ရန်နှင့် လျှော့ချနိုင်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၂၀ ပြည့်နှစ် မတ်လတွင် ရေးဆွဲထားပြီးဖြစ်ပါသည်။ အဆိုပါမူကြမ်းအားအတည်ပြု၍ ဆက်လက်အကောင် အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် မြန်မာ–ထိုင်းနယ်စပ် တစ်လျှောက်ရှိ ရှမ်းပြည်နယ်၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး တို့တွင်လည်း ပြည်နယ်/တိုင်းဒေသကြီးအဆင့် လုပ်ငန်းစီမံချက်များရေးဆွဲ၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် နိုင်ငံတကာနှင့် အာဆီယံဒေသအတွင်း အိမ်နီးချင်းနိုင်ငံများ၏ အကူအညီဖြင့် မီးလောင်ကျွမ်းမှုနှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု အခြေအနေများကို လျှော့ချနိုင်ရေး စီမံကိန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် သက်ဆိုင်ရာဌာနများနှင့် ပြည်သူလူထုမှလည်း တတ်စွမ်းသမျှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းတင်ပြအပ်ပါသည်။

## “ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများ”

## “ပင်လယ်ကမ်းခြေတွင် သန္တာကျောက်တန်း (Coral Reef) တည်ရှိနေမှုအား ကွင်းဆင်းစစ်ဆေးခြင်း”

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ပြင်ကောက်ကျေးရွာ အနီးရှိပင်လယ်ကမ်းခြေတစ်လျှောက်မှ သန္တာကျောက်တန်းများအား ဒီရေကျအချိန်တွင် (၆) ဖာလုံခန့်အထိ ရှည်လျားစွာမြင်ရမှုကြောင့် သွားရောက်ကြည့်ရှုသူများ များပြားလျက်ရှိသည့်အပြင် ကျောက်ခက်များအား ချိုးယူသူများရှိကြောင်း လူမှုကွန်ယက်စာမျက်နှာများတွင် ဖော်ပြရေးသားချက်များနှင့်ပတ်သက်၍ ဖြစ်ရပ်မှန်အခြေအနေများအားသိရှိနိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့ဝင်များဖြင့် (၂၇-၅-၂၀၂၀)ရက်နေ့နှင့် (၂၈-၅-၂၀၂၀) ရက်နေ့တို့တွင် သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

သန္တာကျောက်တန်း (Coral Reef) များ ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် ရေတိုကာလနှင့်/ရေရှည်ကာလ တို့တွင် ဆောင်ရွက်သင့်သည်များကို အကြံပြုခဲ့ပါသည်-

**(က) ရေတိုကာလအတွင်း ဆောင်ရွက်သင့်သည့် အချက်များ**

- သန္တာကျောက်တန်းများသည် ကျိုးလွယ်၊ ထိခိုက်လွယ်သော အမျိုးအစားဖြစ်ပါသဖြင့် ကြည့်ရှုသူများကို ရေထဲသို့ ဆင်းခွင့်မပေးဘဲ ဒီရေကျချိန်မှသာ သတ်မှတ်နေရာ (တားမြစ်ဇုန်အဖြစ် သတ်မှတ်ထားသော နေရာ)

မှ ကြည့်ရှုစေခြင်း၊

- လာရောက်ကြည့်ရှုသူများမှ သန္တာကျောက်တန်း၏ ဂေဟစနစ်ပျက်စီးစေသည့် အမှိုက်များကို စနစ်တကျ စွန့်ပစ်ရေး၊ ဓာတုပစ္စည်းများ မစွန့်ပစ်ရေးတို့ကို အသိပညာပေးရန်နှင့် အမှိုက်ပုံးများထားရှိရန် လိုအပ်ခြင်း၊ တရားမဝင်ငါးဖမ်းခြင်းကို သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ ရှောင်တစ်ခင် စစ်ဆေးခြင်းနှင့် အရေးယူအပြစ်ပေးခြင်း၊
- သက်ဆိုင်ရာမှ ထုတ်ပြန်ထားသောဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များအား သိရှိစေရန် Vinyl Poster များစိုက်ထူခြင်း၊ မလိုက်နာသူများအား အရေးယူဆောင်ရွက်ခြင်း၊
- အသိပညာပေးလက်ကမ်းစာစောင်များ၊ Video Clip များ ဖြန့်ဝေခြင်း၊



မာန်အောင်မြို့နယ်၊ ပြင်ကောက်ကျေးရွာရှိ သန္တာကျောက်တန်းများ တည်ရှိသည့်ကမ်းခြေအား ကောင်းကင်မှ တွေ့မြင်ရပုံ

### (ခ) ရေရှည်ကာလအတွင်းဆောင်ရွက်သင့်သည့်အချက်များ

- မာန်အောင်ကျွန်း ပင်လယ်ကမ်းခြေတစ်လျှောက်ရှိ သန္တာကျောက်တန်းများ တည်ရှိနေမှုအား နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ လမ်းညွှန်ချက်များနှင့် အညီ ထိန်းသိမ်းကာကွယ်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)မှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊
- နိုင်ငံတကာအကူအညီဖြင့် စနစ်တကျ သုတေသနပြုလုပ်ပြီး Marine Protected Area အဖြစ် သတ်မှတ်ကာ စနစ်တကျ ထိန်းသိမ်းခြင်း၊
- ဒေသခံတို့၏ စားဝတ်နေရေးအတွက် တစ်နိုင်တစ်ပိုင်ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်စားသောက်ခြင်းအစား Coral Reef များအား Eco- tourism Site အဖြစ် သတ်မှတ်ပြီး ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသော ပင်လယ်ပြင်ခရီးသွားလုပ်ငန်း (Snorkeling နှင့် Scuba Diving) တို့အဖြစ် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းခြင်း၊



မာန်အောင်မြို့နယ်၊ ပြင်ကောက်ကျေးရွာအနီးရှိ ပင်လယ်ကမ်းခြေမှ သန္တာကျောက်တန်းများ

## "လမ်းခင်းကျောက်ထုတ်လုပ်ရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခြင်း"

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကုလားမကျေးရွာအုပ်စု၊ လက်ကောက်ကျကျေးရွာ၏ အနောက်ဘက်တွင် တည်ရှိသော မင်းဝံတောင်တန်း (ကျောက်ကြမ်းတောင်) ရှိ လမ်းခင်းကျောက်ထုတ် လုပ်ငန်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအား လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်မှု ရှိ/မရှိအပေါ် ရွှေဘိုခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော မြစ်သဲ၊ ကျောက်နှင့် အုတ်ထုတ်လုပ်ခြင်းဆိုင်ရာ



မင်းဝံတောင်တန်း ( ကျောက်ကြမ်းတောင် )အား ကွင်းဆင်းစစ်ဆေးခြင်း

ဘက်စုံစောင့်ကြပ်စစ်ဆေးရေးအဖွဲ့ဖြင့် (၂၃.၇.၂၀၂၀)ရက်နေ့တွင် သွားရောက်ကြီးကြပ်စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ကျောက်ထုတ်လုပ်သည့်လုပ်ငန်းများအနေဖြင့် လမ်းခင်းကျောက်များ ထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား လိုက်နာဆောင်ရွက်ထားရှိမှု အခြေအနေ၊ ကျောက်မိုင်းခွဲခြင်း၊ ကျောက်ထုခြင်း လုပ်ငန်းခွင်များတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များ၊ လုပ်ငန်းခွင်အတွင်း မိုင်းအန္တရာယ်ကျရောက်စေနိုင်သည့် အကွာအဝေးအတွင်း သတိပေးတားမြစ်ခြင်းအစီအစဉ်များ၊ လုပ်ငန်းဆောင်ရွက်မှုကြောင့် မူလအနေအထား ပျက်စီးသွားသော တောင်များ၊ နေရာများအား ဒေသနှင့်ကိုက်ညီသည့် နှစ်ရှည်ပင်များ ပြန်လည်စိုက်ပျိုးခြင်း လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များ၊ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရန်နှင့် လူမှုပတ်ဝန်းကျင်ရေးရာထိခိုက်နိုင်မှုလျော့ချရေးအစီအစဉ်များ စသည်တို့နှင့် ပတ်သက်၍ လုပ်ငန်းရှင်များမှ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများအား မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း ဆွေးနွေးပြုလုပ်ခဲ့ပြီး စောင့်ကြပ်စစ်ဆေးရမည့် အချက်များအပေါ် အပြည့်အဝလိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်စေရေးအတွက် လိုအပ်ချက်များအား လမ်းညွှန်ခဲ့ပါသည်။



လက်ကောက်ကျေးရွာ အနောက်ဘက်ရှိ မင်းဝံတောင်တန်း ( ကျောက်ကြမ်းတောင် )အား ကွင်းဆင်းစစ်ဆေးခြင်း

## “ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်းပါးများ”

## “ပြည်သူလူထု ပူးပေါင်းပါဝင်သော ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း”

စီမံကိန်းတွေဆောင်ရွက်ဖို့ အစိုးရအဖွဲ့အစည်းများထံမှ လုပ်ကိုင်ခွင့်ပါမစ်က အရေးကြီးသလား။ ဒေသခံပြည်သူများမှ ခွင့်ပြုလိုင်စင်က အရေးပါသလား။ မည်သည့်အရာက အရေးကြီးသည်ဟု မိတ်ဆွေထင်ပါသနည်း။ ၂၀ ရာစု အလယ်ပိုင်းအထိ စီမံကိန်းများ ဆောင်ရွက်ရန်အတွက် အစိုးရအဖွဲ့အစည်းများထံမှ လုပ်ကိုင်ခွင့်သာ အရေးကြီးခဲ့သော်လည်း ၂၀ရာစုနှောင်းပိုင်းကာလမှစတင်၍ ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် အာဏာပိုင်များထံမှ လုပ်ကိုင်ခွင့်ပါမစ်သာမက ဒေသခံပြည်သူများ၏ ခွင့်ပြုလိုင်စင် (Social License) ပါ အရေးပါလာပါသည်။ ပတ်ဝန်းကျင်နှင့်လူမှုရေးကို ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းမရှိသော ဖွံ့ဖြိုးရေးစီမံကိန်းများ၏ ဆိုးကျိုးသက်ရောက်မှုများဖြစ်သည့် ဒေသခံများ မှီခိုအားထားနေရသော သဘာဝသယံဇာတများ အလျင်အမြန် ကုန်ဆုံးခြင်းများအပြင် ရေထု၊ လေထု၊ မြေထုညစ်ညမ်းခြင်းနှင့် အခြားလူမှုရေး ပြဿနာများအား ဒေသခံများခံစားလာရသည့်အတွက် စီမံကိန်းများခွင့်ပြုရာတွင် ဒေသခံပြည်သူများ၏ သဘောထားများအား ထည့်သွင်းစဉ်းစားဆုံးဖြတ်ကြရန် တောင်းဆိုလာကြပါသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုသာ ဦးတည်ဆောင်ရွက်ပြီး ဒေသခံပြည်သူများ၏ သဘောထားအမြင်များနှင့် စိုးရိမ်ပူပန်မှုများကို ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်း မရှိသော စီမံကိန်းများမှာ ဒေသခံပြည်သူများ၏ ကန့်ကွက်မှုများ ကြုံတွေ့ရခြင်းကြောင့် ပဋိပက္ခများဖြေရှင်းရသဖြင့် အချိန်နှင့် ငွေကြေးများ ကုန်ကျခြင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် နှောင့်နှေးကြန့်ကြာခြင်း၊ ကုမ္ပဏီများ၏ ပုံရိပ်ထိခိုက်ခြင်း၊ စီမံကိန်းများ ရပ်ဆိုင်းရခြင်းစသည့် မလိုလားအပ်သောအခြေအနေများ ရင်ဆိုင်ကြုံတွေ့လာကြပါသည်။ ထို့ကြောင့် အာဏာပိုင်များသည် စီမံကိန်းမစတင်မီ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများ သာမက လူမှုရေးဆိုင်ရာ သက်ရောက်မှုများနှင့် ဒေသခံပြည်သူများ၏ သဘောထားအမြင်များကိုပါ စုစည်းဖော်ထုတ်တင်ပြသော ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment – EIA) ကို စီမံကိန်းခွင့်ပြုရန်သင့်/ မသင့်

ဆုံးဖြတ်ရန်အတွက် အုပ်ချုပ်မှုဆိုင်ရာ နည်းလမ်းတစ်ခု အနေဖြင့် အသုံးပြုလာကြပါသည်။

ပထမဆုံးသော EIA ကို အမေရိကန်ပြည်ထောင်စုတွင် ၁၉၇၀ ပြည့်နှစ်၌ စီမံကိန်းများ ခွင့်ပြုရာတွင် စတင်အသုံးပြုခဲ့ပါသည်။ ယခုအခါ နိုင်ငံအများအပြားတွင် EIA ကို အသုံးပြုလာကြပြီဖြစ်ပါသည်။ EIA ၏ အခြေခံစည်းမျဉ်းများမှာ ပွင့်လင်းမြင်သာမှုရှိခြင်း၊ သေချာမှုရှိခြင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်ခြင်း၊ လက်တွေ့ကျခြင်း၊ ပြုပြင်ပြောင်းလဲမှုရှိခြင်း၊ ကုန်ကျစရိတ်ကာမိခြင်း၊ တာဝန်ခံမှုရှိခြင်းနှင့် ယုံကြည်ကိုးစားနိုင်မှုရှိခြင်းတို့ဖြစ်ပါသည်။ ပြည်သူလူထု ပူးပေါင်းပါဝင်ခြင်းသည် EIA ၏ အခြေခံကျသော လိုအပ်ချက် တစ်ခုဖြစ်ပါသည်။ ဝုဒ် (Wood) ဆိုသော ပညာရှင်မှ "ပြည်သူလူထု ပူးပေါင်းပါဝင်မှုမရှိသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းမဟုတ်" ဟူ၍ အတိအလင်းဆိုထားပါသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် The United Nations, World Bank, Asia Development Bank နှင့် Organization for Economic Cooperation and Development – OECD များမှ ဖွံ့ဖြိုးရေးစီမံကိန်းများခွင့်ပြုခြင်း လုပ်ငန်းစဉ်တွင် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုလိုအပ်ကြောင်း အခိုင်အမာ ပြောဆိုထားပါသည်။

မြန်မာနိုင်ငံတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ခွင့်အား ဥပဒေအရ ခွင့်ပြုပေးသော ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ထုံးလုပ်နည်း၊ အပိုဒ် ၆၃ (ဈ) အရ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ ရေးသားတင်သွင်းရာတွင် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်များ ထုတ်ဖော်တင်ပြခြင်းကို ဆောင်ရွက်ရမည်ဖြစ်သည်။ စီမံကိန်းပိုင်ရှင်နှင့် EIA အစီရင်ခံစာအား ရေးသားကြသည့် တတိယပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် ပြည်သူလူထုနှင့် ညှိနှိုင်းဆွေးနွေးခြင်း အစည်းအဝေး (Public Consultation Meeting – PCM) များကျင်းပ၍ ဒေသခံပြည်သူများအား ဖိတ်ကြားပြီး စီမံကိန်းနှင့်ပတ်သက်သော သတင်းအချက်အလက်များနှင့် စီမံကိန်းကြောင့် သိသိသာသာ သက်ရောက်နိုင်သော လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို အသိပေး ရှင်းလင်းတင်ပြခြင်းနှင့် ဒေသခံပြည်သူများ၏ စီမံကိန်းအပေါ် စိုးရိမ်မှုများနှင့် သဘောထားများအား စုစည်းရယူခြင်းများ ဆောင်ရွက်ပြီး အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်များ ထုတ်ဖော်တင်ပြခြင်း အစီရင်ခံစာအား EIA အစီရင်ခံစာတွင် ထည့်သွင်းတင်ပြရန် ရေးသားပြုစုရပါသည်။ ပညာရှင်များ၏အဆိုအရ ပြည်သူလူထု၏ ထိရောက်သော ပူးပေါင်းပါဝင်မှုရှိစေရန်အတွက် အောက်ပါအချက်များ ပြည့်စုံရန်လိုအပ်ကြောင်း ဖော်ထုတ်ရေးသားကြပါသည် –

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်၊ ပညာရေးနှင့် ဒေသခံများအပေါ် သက်ရောက်နိုင်မှုများ၊

၂။ သတင်းအချက်အလက်များ ရယူနိုင်မှု၊

၃။ စီမံကိန်း ဆုံးဖြတ်ချက်ချရာတွင် ဒေသခံများ၏ အသံများအားထည့်သွင်းစဉ်းစားခြင်း၊

၄။ စီမံကိန်း ဆုံးဖြတ်ချက်ချရာတွင် ပွင့်လင်းမြင်သာမှုရှိခြင်း၊

၅။ စီမံကိန်းများ လည်ပတ်မှုအား စောင့်ကြပ်ကြည့်ရှုအကဲဖြတ်ခြင်း၊

၆။ ဖွဲ့စည်းအုပ်ချုပ်ပုံ အားကောင်းစေခြင်း၊

၇။ နစ်နာမှုများအတွက်ဘက်လိုက်မှုမရှိသော ခုံသမာဓိအဖွဲ့များရှိခြင်း၊

ပြည်သူလူထု၏ ထိရောက်သော ပူးပေါင်းပါဝင်ခွင့်ရရန် အတွက် အထက်ဖော်ပြပါအချက် (၇) ချက်အနက် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်း (၂၀၁၅) ၌ စီမံကိန်းနှင့် ပတ်သက်သော သတင်းအချက်အလက်များ အသိပေးခြင်း၊ ဒေသခံများ၏ အသံများထည့်သွင်း စဉ်းစားခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်းတို့အား အထင်အရှား ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ သတင်းဆက်သွယ်မှုနှင့် ပတ်သက်၍ ဒေသခံများသို့ ပြည်သူလူထု အကြံပေးညှိနှိုင်းအစည်းအဝေးများမှတစ်ဆင့် စီမံကိန်းနှင့် ပတ်သက်သော အချက်အလက်များနှင့် စီမံကိန်း၏ သက်ရောက်မှုများအား ရှင်းလင်းဆွေးနွေးခြင်း၊ ဒေသခံ ပြည်သူများ၏ စီမံကိန်းနှင့် ပတ်သက်သောသဘောထားအမြင်များအား စုစည်းပြီး အစီရင်ခံစာများတွင်ဖော်ပြခြင်းနှင့် အဆိုပါ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ အစီရင်ခံ စာများအား Website များတွင် တင်ပြခြင်းဖြင့် ပွင့်လင်းမြင်သာမှုရှိစေရန် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ ခွင့်ပြုပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

ကမ္ဘာ့ဘဏ် (World Bank) မှလည်း ပြည်သူလူထု၏

ထိရောက်သော ပူးပေါင်းပါဝင်မှုရှိစေရန်အတွက် ဒေသခံပြည်သူများ၏ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာများနှင့် သဘောထားအမြင်များပေါ်တွင် များစွာမူတည်ကြောင်း၊ Data Monitoring အတွက် ဒေသခံများအား သင်တန်းများ ထောက်ပံ့ပေးရန်နှင့် Public Education Program များ လိုအပ်ကြောင်း ဖော်ပြထားသော်လည်း အကောင်အထည် ဖော်ရန်လိုအပ်လျက်ရှိသည့်အပြင် စီမံကိန်းများ လည်ပတ်မှုအား စောင့်ကြပ်ကြည့်ရှု အကဲဖြတ်ခြင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံအား အားကောင်းစေခြင်းနှင့် နစ်နာမှုများအတွက် ဘက်လိုက်မှုမရှိသော ခုံသမာဓိအဖွဲ့များရှိခြင်းတို့တွင် အကန့်အသတ်များ စွာရှိနေပါသေးသည်။

ပြည်သူကို ဗဟိုပြုသော အုပ်ချုပ်ရေးစနစ်တွင် ပြည်သူလူထုပူးပေါင်းပါဝင်မှုသည် အရေးကြီးဆုံး ဖြစ်ပါသည်။ မည်သည့်လုပ်ငန်းမဆို ပြည်သူလူထု ပူးပေါင်းပါဝင်မှသာ အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်များတွင် ဒေသခံပြည်သူများ အပြည့်အဝ ပူးပေါင်းပါဝင်ခွင့် ရရှိရန်နှင့် အကျိုးအကြောင်းခိုင်လုံသော ပူးပေါင်းပါဝင်မှုများဖြစ်စေရန်အတွက် သက်ဆိုင်ရာ ဆက်စပ်ပတ်သက်သူများမှ ဝိုင်းဝန်းကြိုးစားအားထုတ်ကြပါရန် တိုက်တွန်းရေးသားအပ်ပါသည်။

အောင်နိုင်စိုး
လက်ထောက်ညွှန်ကြားရေးမှူး/ မြိတ်ခရိုင်

Reference:
Ministry of Environmental Conservation and Forestry [MOECAF]. 2015. The Environmental Impact Assessment Procedure, 2015. Nay Pyi Taw (Myanmar): The Government of the Republic of the Union of Myanmar
Ogola, P. F. A. 2007. Environmental impact assessment general proce– dures. Short Course II on Surface Exploration for Geothermal Resources, organized by UNUGTP and KenGen, at Lake Naivasha, Kenya, 2–17..
Reed, M. S. 2008. Stakeholder participation for environmental manage– ment: a literature review. Biological conservation, 141(10), 2417–2431.
Wathern, P. 2013. Environmental impact assessment: theory and practice. Routledge.
Wood, C. 2003. Environmental impact assessment: a comparative review.

## "ဗိုင်းရပ်စ်များနှင့်ဇီဝမျိုးစုံမျိုးကွဲများ"

ယခင်လမှ အဆက်

ဂေဟစနစ်အမျိုးမျိုးကို ကမ္ဘာတစ်လွှားတွင် တွေ့ရှိနိုင်ပြီး မြန်မာနိုင်ငံတွင်ပင် ဂေဟစနစ်(၈)မျိုး ရှိပါတယ်။ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်၏ အကျိုးကျေးဇူးတစ်ခုကို သာဓကပြရလျှင် သဘာဝပတ်ဝန်းကျင်ရှိ ငှက်မျိုးစိတ်များမှ ရရှိသော အကျိုးကျေးဇူးများကို ဖော်ပြလိုပါတယ်။ အဲဒါတွေကတော့ ပန်းဝတ်ရည်သောက်သုံးသော ငှက်မျိုးစိတ်များ၏ ဝတ်မှုန်ကူးခြင်းလုပ်ငန်းကြောင့် အပင်များကို မျိုးပွားစေခြင်း၊ အင်းဆက်ပိုးများ၊ သီးနှံများကို ဖျက်ဆီးစားသောက်သော ကြွက်မျိုးများကို သုတ်ချီစားသောက်တတ်သော ငှက်မျိုးစိတ်များကြောင့် သဘာဝဂေဟစနစ်ကို တိုးတက်ဖြစ်ပေါ်စေခြင်း၊ ဆောင်းခိုငှက် မျိုးစိတ်များ၏ ပြောင်းရွှေ့နေထိုင်မှုများကို လေ့လာခြင်းအားဖြင့် ကမ္ဘာ့မြောက်ဘက်ခြမ်း ရာသီဥတုပြောင်းလဲမှုအခြေအနေကို ကြိုတင်ခန့်မှန်းနိုင်ခြင်း၊ ငှက်ကြည့်သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် အဖိုးတန်သဘာဝဆေးဖက်ဝင်ငှက်သိုက်များ ထုတ်လုပ်ပေးခြင်းလုပ်ငန်းတို့မှ ဝင်ငွေရရှိစေခြင်းတို့ပဲ ဖြစ်ပါတယ်။

ဇီဝမျိုးစုံမျိုးကွဲများဟာ လွန်ခဲ့သောနှစ်ပေါင်း (၃၀၀၀) ကျော် ဇီဝလောကကြီး တစ်ရွေ့ရွေ့ဆင့်ကဲဖြစ်စဉ်မှ ဖြစ်တည်လာခြင်းဖြစ်ပြီး ကမ္ဘာပေါ်ရှိ ဇီဝမျိုးစုံမျိုးကွဲမျိုးစိတ်များ၏ အရေအတွက်ကို တိတိကျကျ မသိရှိနိုင်သေးပါ။ ခန့်မှန်းခြေအရ မျိုးစိတ်ပေါင်း ၁၄ သန်းခန့်ရှိသည်ဟု ခန့်မှန်းကြပြီး ၎င်းတို့အနက်မှ ၁.၇၅ သန်း ကိုသာ အမျိုးအမည်ခွဲခြားဖော်ပြနိုင်ပါသေးသည်။ ကမ္ဘာပေါ်ရှိ သက်ရှိတို့သည် ဆင့်ကဲပြောင်းလဲဖြစ်စဉ် (Evolution) နှင့် မျိုးသုန်းပျောက်ကွယ်မှုဖြစ်စဉ် (Extinction) တို့ကို ဖြတ်သန်း ကျော်လွှားနေကြရပါတယ်။ ကမ္ဘာပေါ်တွင် မျိုးတုံးပျောက်ကွယ်မှု(၅)ကြိမ်ထိ ဖြစ်ပွားခဲ့ပြီး ဆဋ္ဌမမြောက် မျိုးတုံးပျောက်ကွယ်မှုသည် ကမ္ဘာမြေကြီး ဆက်လက်တည်တံ့ရေးအတွက် ခြိမ်းခြောက်နေပါတယ်။ ယနေ့ခေတ်၏ မြင်းသည်ပင်လျှင် မျိုးတုံးပျောက်ကွယ်သွားပြီဖြစ်သော ရှေးဟောင်းမျိုးစိတ်တို့မှ ဆင့်ကဲပြောင်းလဲလာသော မျိုးစိတ်ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ သတ္တဝါတွေ ပျက်သုဉ်းနေတဲ့ကိစ္စဟာ သဘာဝဖြစ်စဉ်ပင်ဖြစ်သော်လည်း မျက်မှောက်ကာလမှာတော့ သက်ရှိတွေမျိုးတုံး ပျောက်ကွယ်မှုအတွက် လူသားတွေမှာ တာဝန်ရှိပါတယ်။ တိရစ္ဆာန်များ နေထိုင်ကျက်စားတဲ့ဒေသများကို ဖျက်ဆီးခြင်း၊ သစ်တောထွက်ပစ္စည်းများကို လိုအပ်တာထက် စုဆောင်းခြင်း၊ မျိုးစေ့သစ်များ ဖန်တီးထုတ်လုပ်ခြင်းကြောင့် အပင်များနှင့် တိရစ္ဆာန်များကို အမျိုးမျိုး ခြိမ်းခြောက်မှုများ ဖြစ်နေပါတယ်။ အချို့သော တောရိုင်းတိရစ္ဆာန်များ ဥပမာ–အာဖရိကကြံ့များနှင့် ဆင်များ၊ အပင်များနှင့် သစ်ခွပင်များသည် အပြည်ပြည်ဆိုင်ရာ

ရောင်းဝယ်ဖောက်ကားလာမှုများကြောင့် လျော့နည်းပျောက်ကွယ်မည့်အရေးကို ရင်ဆိုင်နေရပါတယ်။

အနာဂတ်မှာ ကပ်ရောဂါဖြစ်ပွားမှုတွေကို ကာကွယ်ဖို့အတွက် တရားမဝင် တောရိုင်းတိရစ္ဆာန်ဈေးကွက်များကို ပိတ်ပင်ရန် မြန်မာနိုင်ငံ၏ (၉၆)ရာခိုင်နှုန်းသောလူများက ထောက်ခံအားပေးကြောင်းကို (WWF-Myanmar) ၏ စစ်တမ်းမှာတွေ့ရှိရပါတယ်။ လူတို့ လုပ်ဆောင်ချက်ကြောင့် တစ်နေ့တစ်ခြား ပျောက်ကွယ်လျက်ရှိသည့် တိရစ္ဆာန်မျိုးစိတ်များကို ထိန်းသိမ်းကာကွယ်ရန် အထူးပင် လိုအပ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် အခြေအနေများကို တင်ပြရမည်ဆိုလျှင် သဘာဝ ထိန်းသိမ်းရေးနယ်မြေများအား နိုင်ငံဧရိယာ၏ (၁၀)ရာခိုင်နှုန်း အထိ ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး လက်ရှိကာလအထိ သဘာဝထိန်းသိမ်းရေး နယ်မြေ(၄၅) ခု၊ ရမ်ဆာရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေ (Ramsar Site) (၆) ခု ၊ အာဆီယံ အမွေအနှစ် ဥယျာဉ်(၈) ခု၊ လူသားနှင့်ဇီဝအဝန်းနယ်မြေ (Man and Biosphere Reserve) (၂)ခု၊ အရှေ့အာရှ-ဩစတြေးလျ အာရှငှက်ပျံသန်းရာ လမ်းကြောင်းကွန်ရက်နယ်မြေ (East Asian – Australasian Flyway Network Site) (၃) ခုတို့ကို သတ်မှတ်ခြင်းခံထားရပါတယ်။ ဇီဝမျိုးစုံမျိုးကွဲ နှင့်သဘာဝထိန်းသိမ်းရေး နယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၂/ ၂၀၁၈) ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ဆက်လက်၍ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေများကို အတည်ပြု ထုတ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၏ သဘောထားမှတ်ချက်များရယူ၍ ညှိနှိုင်းပြင်ဆင်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ၍ အကြံပြုချက်များရယူခြင်း တို့ကို ဆောင်ရွက်နေပါတယ်။

ကမ္ဘာပေါ်တွင် သက်ရှိမျိုးစိတ်ပေါင်းများစွာ နေ့စဉ်လျော့နည်းဆုံးရှုံးနေပြီး အနာဂတ်တွင် ပြန်လည်အစားထိုးမရနိုင်သည့် ဆုံးရှုံးမှုကြီးပင်ဖြစ်ပါတယ်။ အတိတ်ကာလနှင့် ပစ္စုပ္ပန်ကာလမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ကပ်ရောဂါဘေးများ၊ ကူးစက်မြန်ဗိုင်းရပ်စ်များကို အနာဂတ်ကာလတွင် ဖြစ်ပွားမှုမရှိအောင် ကာကွယ်နိုင်ရေးသည် ကျန်းမာရေးရှုထောင့်တစ်ခုတည်း၏ ကိစ္စရပ်သာမဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးရှုထောင့်အနေဖြင့်လည်း ဆက်နွှယ်နေပါတယ်။ ဒါကြောင့်လူသားတွေရဲ့ လုပ်ဆောင်ချက်ကြောင့် ယိုယွင်းပျက်စီးနေတဲ့ သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ကောင်းမွန်အောင် ထိန်းသိမ်းဖို့နှင့် ဂေဟစနစ်ကောင်းရရှိဖို့အတွက် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်ဟာ လူသားတိုင်းရဲ့တာဝန်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

မွန်ပြည်နယ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ကျမ်းကိုးစာရင်း – Official WHO website/ https://www.livescience.com/ Wikipedia- www.forest department.gov.mm/ WWF-Myanmar Facebook page/ WCS Facebook page/ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ထုတ်ဝေသော" ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးစာအုပ် (ဝန်ထမ်း လက်စွဲ)"/ ဒေါက်တာမြင့်ဇော်၏ "ကိုဗစ်နောက်ကြောင်းပြန်/ ဂေဟဗေဒနှင့်လူမှုစီးပွားအမြင်မှ လေ့လာခြင်း"စာအုပ်/ယဉ်ထွန်း၏ "မြေကမ္ဘာကြီးပျက်စီးဖို့ နီးပြီလော"စာအုပ်

## "အစိမ်းရောင် ဘာသာရေးအဆောက်အဦများဆိုင်ရာ လမ်းညွှန်ချက်များ"
## (Guidelines on Green Houses of Worship)

ဘာသာရေးအဆောက်အဦများအား သဘာဝပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေရေးအတွက် အစိမ်းရောင် ဘာသာရေး အဆောက်အဦများဆိုင်ရာ လမ်းညွှန်ချက်များ (Guidelines on Green Houses of Worship) အား လိုက်နာရန် ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (United Nations Environment Programme- UNEP) မှ အကြံပြုခဲ့ပါသည်။

အစိမ်းရောင် ဘာသာရေးအဆောက်အဦများဆိုင်ရာ လမ်းညွှန်ချက်များတွင် အဓိက အားဖြင့် အောက်ပါအချက်များ ဖော်ပြပါရှိပါသည် –

(၁) အစိမ်းရောင်ဘာသာရေး အဆောက်အဦ

အစိမ်းရောင်ဘာသာရေး အဆောက်အဦများ ဆောက်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုလျော့နည်းစေပြီး ရာသီဥတုနှင့်သဘာဝ ပတ်ဝန်းကျင်ကို ကောင်းမွန်စွာဖန်တီးပေးနိုင်သည့် ဆောက်လုပ်ရေးသုံးပစ္စည်းများအား အသုံးပြုနိုင်မည့် ဒီဇိုင်းများ ရေးဆွဲရန်၊

(၂) ဘယ်နေရာက စလုပ်ရမှာလဲ

Green Committee များအားစိတ်ပါဝင်စားသူများဖြင့် ဖွဲ့စည်းဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းများ ဆောင်ရွက်ရန်၊ အဆောက်အဦ

အရွယ်အစား၊ ဘတ်ဂျက်၊ ဆုတောင်းဝတ်ပြုမည့် လူဦးရေ၊ မြေမျက်နှာသွင်ပြင်စသည်တို့အား ထည့်သွင်း စဉ်းစားထားသည့် မဟာဗျူဟာစီမံချက် (Strategic Plan) များ ရေးဆွဲရန်နှင့် အဆောက်အဦ ရေရှည်ထိန်းသိမ်းနိုင်ရေး အတွက် ရန်ပုံငွေရရှိနိုင်ရေး ဆောင်ရွက်ရန်၊

(၃) အစိမ်းရောင် ဝတ်ပြုဆုတောင်းခြင်း (Green worship)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဖော်ပြချက်များ ဖြန့်ဝေခြင်း၊ ဆုတောင်းစာများ၊ ဓမ္မတေးများတွင် ထည့်သွင်းဖော်ပြခြင်းများ ဆောင်ရွက်ရန်၊ မြေကမ္ဘာနေ့၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့နှင့် World car free day ကဲ့သို့သော နေ့ထူးများတွင် Car free Sunday ၊ သစ်ပင်စိုက်ပျိုးခြင်းနှင့် ပန်းခြံများ သန့်ရှင်းခြင်း၊ ဘာသာရေးဆိုင်ရာ လေ့လာရေး အစီအစဉ်များ ဖန်တီးခြင်းစသည့်လှုပ်ရှားမှုများ ဆောင်ရွက်ရန် ။ ဆုတောင်းဝတ်ပြုခြင်း၊ လူစုလူဝေးနှင့်တွေ့ဆုံပွဲများ ပြုလုပ်ရာတွင် ဆူညံမှု၊ ညစ်ညမ်းမှုနှင့် အနံ့အသက် ထုတ်လွှတ်မှုများမှ လျှော့ချရန်နှင့် ဝတ်ပြုလာရာတွင် လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်းဖြင့် လာရောက်ရန်နှင့် ဝတ်ပြုရန် ကိုယ်လက်သန့်စင်ရာတွင် ရေချွေတာသုံးစွဲခြင်းတို့ကို ဆောင်ရွက်ရန်၊

(၄) ပညာရေးနှင့် အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ခြင်း (Education and Awareness Raising)

ဝတ်ပြုသူများဖတ်ရှုလေ့လာနိုင်ရန်အတွက် ကြော်ငြာသင်ပုန်းများ၊ လက်ကမ်း စာစောင်များ၊ ပိုစတာများ၊ သတင်းလွှာများပြုစုဖြန့်ဝေရန်၊ ဘာသာရေးဆရာများ၊ ဦးဆောင်ဦးရွက်ပြုသူများ၊ ဘာသာတရားအား သက်ဝင်ယုံကြည်ပံ့ပိုးပေးသူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာပေး သင်တန်းများပေးရန်၊ ဘာသာရေးနှင့် ဆက်နွယ်သည့် စာသင်ကျောင်းများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် သင်ရိုးညွှန်းတမ်းများ ထည့်သွင်းရေးဆွဲရန်၊ ဘာသာရေးအဆောက်အဦများတွင် “အစိမ်းရောင်အဖွဲ့ (Green Group) များ ဖွဲ့စည်း၍ ပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုများဆောင်ရွက်ရန်၊

(၅) ပတ်ဝန်းကျင်ဆိုင်ရာစည်းရုံးလှုံ့ဆော်မှုများ (Campaign)

ပတ်ဝန်းကျင်ဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုများကို နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့်၊ အမျိုးသားအဆင့်နှင့် ကမ္ဘာလုံးဆိုင်ရာအဆင့်များတွင် ပါဝင်ဆောင်ရွက်ရန်၊

(၆) အစားအစာနှင့် အရင်းအမြစ်များ (Food and Resources)

Recycled paper ၊ သန့်ရှင်းသော ထုတ်ကုန်များနှင့် ဒေသထွက် အော်ဂဲနစ်အစားအစာများကို ရွေးချယ်အသုံးပြုရန်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများစေသည့် ရင်းနှီးမြှုပ်နှံမှုများကို ရှောင်ရှားရန်၊ တစ်ခါသုံး ပလတ်စတစ်များနှင့် အန္တရာယ်ဖြစ်စေသည့်ပစ္စည်းများ အသုံးပြုမှုကို လျှော့ချရန်၊

(၇) လျှပ်စစ်နှင့် စွမ်းအင် (Energy and Electricity)

အဆောက်အဦများတွင် Geothermal, Biomass, Wind, Solar ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များကို အသုံးပြုရန်နှင့် ကာဗွန်ထုတ်လွှတ်မှု လျော့နည်းစေသည့် နည်းပညာများကို တိုးမြှင့်ဆောင်ရွက်ရန်၊ သဘာဝအလင်းရောင်နှင့် သဘာဝလေဝင်လေထွက်ကောင်းသည့် စနစ်များကို အသုံးပြုရန်၊

(၈) ဆောက်လုပ်ရေးသုံး ပစ္စည်းများနှင့် ဒီဇိုင်း (Material and Design)

စွမ်းအင်ချွေတာစေသော၊ ဓာတ်ငွေ့ထုတ်လွှတ်မှု နည်းသော၊ တာရှည်ခံသော၊ စွန့်ပစ်ပစ္စည်း ထွက်ရှိမှု နည်းသော ပစ္စည်းများကို ဝယ်ယူအသုံးပြုရန်၊

(၉) ရေအသုံးပြုမှု (Water)

မလိုအပ်ဘဲ ရေအသုံးပြုမှုကို ကန့်သတ်ရန်၊ မိုးရေစုကန်များ တည်ဆောက်အသုံးပြုရန်၊

(၁၀) အပန်းဖြေရေး ဝန်းကျင်ကောင်းများ (Gardens and Surroundings)

ဇီဝမျိုးစုံမျိုးကွဲများအတွက် အကျိုးရှိပြီး အရိပ်ရသော အပင်များကိုစိုက်ပျိုးရန်၊ ဝတ်ပြုဆုတောင်းသည့် နေရာနှင့် ခေါင်မိုးထပ်များတွင် သစ်ပင်ပန်းမန်များ စိုက်ပျိုးရန်၊ အန္တရာယ်ဖြစ်စေသော ပေါင်းသတ်ဆေးနှင့် ပိုးသတ်ဆေးများအသုံးပြုမှုကို ကန့်သတ်ရန်နှင့် အခြားစိုက်ပျိုးမွေးမြူရေးနည်းလမ်းများကို ရှာဖွေအသုံးပြုရန်၊

(၁၁) စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု (Waste Management)

ပြန်လည်ထုတ်လုပ်အသုံးပြုနိုင်သော အမှိုက်ပုံးများကို ထောက်ပံ့ပေးရန်နှင့် အမှိုက်အမျိုးအစား ခွဲခြားပေးမှုများပြုလုပ်ပေးရန်၊ စွန့်ပစ်အမှိုက် ထွက်ရှိမှုကို တတ်နိုင်သမျှ ရှောင်ရှားရန်၊

## “ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးကဗျာ၊ ကာတွန်း”

### “အမှိုက်ကောက်ကြမယ်”

သားတို့ သမီးတို့ နားထောင်ကွယ်
အမှိုက်ကောက်ကြမယ်။
ဆရာမက ဦးဆောင်လို့
ကျောင်းပတ်ဝန်းကျင် သန့်ရှင်းဖို့။
အားလုံးပူးပေါင်း ဆောင်ရွက်ပါ
လျှင်မြန်ထိရောက် ပြီးမြောက်မှာ။
တွေ့သမျှအမှိုက်တွေ
အကုန်ကောက်
အမှိုက်ပုံးထဲအရောက်။

အားလုံးပြီးရင် လက်ဆေးမယ်
ရေနဲ့ဆပ်ပြာ သုံးလို့ကွယ်။
ပြပါဦး လက်ကလေး
ဖြူလို့ သန့်လို့ တအားမွေး။
ကျောင်းဝင်းထဲကို ကြည့်လိုက်မယ်
သန့်ရှင်းသပ်ရပ်နေပြီကွယ်။
ကျောင်းပတ်ဝန်းကျင် သာယာဖို့
အားလုံးပူးပေါင်းပါဝင်စို့။

Myint Zu (ကချင်ပြည်နယ်)




## “5-R အကြောင်းသိကောင်းစရာ”
















